စိတ်ကူးချိုချို


mgyoe.com



ဇော်ဂျီ

# ညီသစ်ဆင်း ကဗျာစု

mgyoe.com



mgyoe.com
ဇော်ဂျီ
ညီသစ်ဆင်း
ကဗျာစု
ZG0002
1,000.00 KS
mgyoe.com

mgyoe.com


| | |
|---|---|
| စာမူခွင့်ပြုချက် | ၃၇၇/၂၀၀၂(၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၈/၂၀၀၃ (၁) |

| | |
|---|---|
| မျက်နှာဖုံးနှင့်အတွင်း | ဇော်မောင် |
| စာအုပ်ချုပ် | ဦးမြင့် |

ပုံနှိပ်သူ
ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ
ဦးတင်ရှိန်
စန်းရောင်ရှိန်စာပေ
၄/၁၇၇၊ မေခလမ်း
မြောက်ဥက္ကလာပ၊ ရန်ကုန်။

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | ဧပြီလ၊ ၂၀၀၃ |
| တန်ဖိုး | ၁၅၀၀ ကျပ် |


mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ပြောလိုက်ပါဘိ ဟောပါဘိ | ၇ |
| ၂။ | မအိုပွဲ | ၉ |
| ၃။ | စွမ်းရည်အလှ | ၁၁ |
| ၄။ | စွယ်စုံအလှ | ၁၃ |
| ၅။ | လုပ်အားအလှ | ၁၄ |
| ၆။ | ဂုဏ်အလှ | ၁၅ |
| ၇။ | ဝိရူရဒ္ဒက | ၁၇ |
| ၈။ | ပစ္စည်းအလှ | ၂၆ |
| ၉။ | ရုပ်ရွာအလှ | ၂၇ |
| ၁၀။ | စကားအလှ | ၂၉ |
| ၁၁။ | သခင်အောင်ဆန်းတရား | ၃၁ |
| ၁၂။ | စာပေအလှ | ၃၃ |
| ၁၃။ | အိမ်အလှ | ၃၄ |
| ၁၄။ | ပြည်ချစ်အလှ | ၃၇ |
| ၁၅။ | လွတ်လပ်ရေး အောင်ပွဲနေ့ | ၃၉ |




mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | တို့ပြည်ထောင်စု | ၄၂ |
| ၁၇။ | တပ်မတော်နေ့ဆုတောင်း | ၄၄ |
| ၁၈။ | အာဇာနည်နေ့ဆန္ဒ | ၄၈ |
| ၁၉။ | မင့်အိမ် | ၅၀ |
| ၂၀။ | လွတ်လပ်ရေးနေ့တရား | ၅၃ |
| ၂၁။ | ပြည်ထောင်စုနေ့ | ၅၅ |
| ၂၂။ | သူ့အပြုံး | ၅၈ |
| ၂၃။ | မင့်သဘော | ၆၁ |
| ၂၄။ | ဧတဝန်နှင့် ရောဟိနီ | ၆၅ |
| – | အတ္ထုပ္ပတ္တိအကျဉ်း | ၆၇ |




mgyoe.com

mgyoe.com

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သက်လှယ်၊ မင့်သားငယ်သည်
သက် နှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။

သူ သုံးနှစ်သား၊ ဖော်ချင်းများနှင့်
အရူယား ဖားယား
ကစားရာမှ၊ နွားရုပ်ချ၍
နတ်ကျသည့်သွင်၊ မင့်ရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို
ငါမြင်ခဲ့၏ မှတ်မိ၏။

မိုးကစိုစို၊ ကျိုးအုပ်ပြို၍
ထိုမှ ဤမှ၊ တို့လမ်းမတွင်
ပျံကြ ဝဲကြ၊ ငရဲထသို့
အုံကြွမြည်အာ၊ မသာယာကို
ငါကြားခဲ့၏ မှတ်မိ၏။



mgyoe.com

mgyoe.com

ထိုနေ့၌ပင်၊ ထိုချိန်ထင်၏
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခ သတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်း အိမ်ပြင်၊ တို့လမ်းခွင်၌
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိ မျက်နှာ၊ ညှိုးကျရှာသည်
ရွာဦးပိုင်းမှ သချိုင်းထိ။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်
သူတို့ခေတ်၌
တိုင်းချစ် ပြည်ခင်၊ မြတ်စေချင်၏
မင်းမြင် ငါကြား၊ စကားဥဒါန်း
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ
ဆန်း၏ပညာ၊ ဆန်းမှာဆုံပေါင်း
ယောကျ်ားကောင်းတို့၊ ခေါင်းဆောင်သဘော
မင့်သားချောကို
ပြောလိုက်ပါဘိ ဟောပါဘိ။ ။

ဗိုလ်ချုပ်အောင်ဆန်းကဗျာများ၊ ဇူလိုင် ၁၉၆၄။



mgyoe.com

mgyoe.com

## မအိုပွဲ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းနှင့် ငါနှင့်၊ စိတ်ချင်းသင့်၍
အခွင့်သာခိုက်၊ မန်းတစ်ပိုက်တွင်
မဟိုက် မပန်း၊ တို့ရှင်လန်းခဲ့
လမ်းမကိုခွာ၊ လမ်းမြွာကိုရွေး
လမ်းသေးသေးက
ရှေးဟောင်းကျောင်းကန်၊ တံတိုင်းရံတည့်
စစ်ဒဏ် မီးဒဏ်၊ ကာလဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
တစ်နေ့ကလည်း ရောက်ခဲ့၏။

တောင်သမန်ကွင်း၊ တို့အဆင်းတွင်
အင်းမြေမှာတွား၊ ကင်းခြေများသို့
တံတားသာဟန်၊ ရှေးလက်ကျန်တည့်
မိုးဒဏ် လေဒဏ်၊ ဖဝါးဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
မနေ့ကလည်း ရောက်ခဲ့၏။



mgyoe.com

mgyoe.com

မြစ်ငယ်ဘက်မှ၊ မြို့အင်းဝတွင်
ရှေးက နန်းတော်၊ ခုသော် ယာတော
ကျုံးကော ကျုံးပက်၊ မြို့ရိုးအက်တည့်
ပရွက် ခြဒဏ်၊ သောင်မြစ်ဒဏ်မှ
ခံနိုင်သရွေ့၊ ကျန်သရွေ့ကို
ယနေ့တွင်လည်း ရောက်ခဲ့၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းနှင့် ငါနှင့်၊ စိတ်ချင်းသင့်၍
လွင့်ခဲ့ပျော်မွေ့၊ ထိုသုံးနေ့တွင်
တစ်နေ့တစ်မျိုး၊ ပုံသုံးမျိုးသည်
အကျိုးအပဲ့၊ အရွဲ့အစောင်း
အဟောင်းအမြင်း၊ အိုမင်းလျှောကျ
ပျက်ဟန်ပြ၏။
ပြောကြ ဟောကြ၊ တိုက်ကြ ခိုက်ကြ
ပြုကြ ပြင်ကြ၊ နိုင်ကြ ရှုံးကြ
ခင်းခဲ့ကြသည့်၊ ရှေးကဇာတ်ထုပ်
ရှေးရုပ်အစုံ၊ မှိုင်းမှုန်မှုန်ကား
ကြိုက်ကြွခဏ၊ ပြည်ဖုံးမ၍
ကမြဲ ဆိုမြဲ မအိုပွဲ။ ။

ငွေတာရီ အမှတ် ၄၉၊ ဇူလိုင် ၁၉၆၄။



mgyoe.com

mgyoe.com

# စွမ်းရည် အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ပညာမှာ စွမ်းသနည်း။

စွမ်းသည်ခြင်းရာ၊ ဆိုသည်မှာကား
စာတွေ့သက်သက်၊ စာမာန်တက်၍
စာထွက်များလျား၊ စကားတွတ်တွတ်
ရွတ်တတ် အံ့ဘနန်း၊ သည်အစွမ်းသည်
စွမ်းရည်မရှိး သူ့ကိုယ်ကျိုး။

စာတွေ့အသိ၊ ကိုယ်တွေ့ညှိ၍
မှန်၏ ကောင်း၏၊ ဉာဏ်ဖြင့်သိ၍
သတိထိန်းချုပ်၊ စိတ်ကောင်းအုပ်၍
အလုပ်ချစ်ခင်၊ ဂုဏ်ဟုမြင်၍
လိုချင်ကြိုးပမ်း၊ သည်အစွမ်းသည်
စွမ်းရည်မိုးထိုး အများကျိုး။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၁၊ ဩဂုတ် ၁၉၆၄။



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# စွယ်စုံ အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ပညာမှာ တော်သနည်း။

တော်သည်ခြင်းရာ၊ ဆိုသည်မှာကား
လက်ရာဆန်းသစ်၊ ခေတ်မီဆန်းပြား
တိုင်းခြားနည်းစုံ၊ အဖုံဖုံကို
တတ်ရုံမျှဖြင့် မပြီးသေး။

တို့မြေ တို့ရေ၊ တို့ အခြေနှင့်
တို့ငွေ တို့အား၊ တို့ စိတ်ထားနှင့်
စည်းဝါးကိုက်ညီ၊ ညှိကြံစည်မှ
တော်သည် ယူဆ စွယ်စုံလှ။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၃၊
အောက်တိုဘာ ၁၉၆၄။



mgyoe.com

mgyoe.com

## လုပ်အား အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်အလုပ်ကို လုပ်မည်နည်း။

အလုပ်ခြင်းရာ၊ ဆိုသည်မှာကား
ကာယ ဉာဏ၊ စွမ်းပြအင်အား
တစ်ပါးပါးဖြင့်
မနားမသုန်၊ ဖိန့်ဖိန့်တုန်အောင်
လုပ်ရှုံမှုဖြင့် မပြီးသေး။

စားဝတ်နေမှု၊ ဤသုံးခုကို
လူ့ဓမ္မတာ၊ ဆည်းပူးရာဝယ်
ပြည်ရွာအကျိုး၊ အများကျိုးလည်း
သယ်ပိုးပါမှ လုပ်အားလှ။ ။

mgyoe.com

mgyoe.com

# ဂုဏ်အလှ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်း၏သားငယ်၊ သက်နှစ်ဆယ်သည်
ဘယ်ဂုဏ်မျိုးကို ကြိုက်သနည်း။

ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်သည်
လူ့ဘုံလောက၊ အကာမျှတည့်
သူက ငြူစူ၊ မကြည်ဖြူ၍
ခွာယူလိုက ခွာ၍ရ။

ရိုးဂုဏ် ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက၊ နှစ်သာရသည့်
သူက ငြူစူ၊ မကြည်ဖြူလည်း
ခွာယူမရ ကွာမကျ။ ။

ရှေ့ဆောင်လူငယ် အတွဲ ၁၊ အမှတ် ၅၊ ဒီဇင်ဘာ ၁၉၆၄။



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ဝိရူဍ ဒုက္ခ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်း အသိ၊ ငါလည်းသိပြီ
ဝိရူဍမတ်၊ တရားတတ်၏
သည်းပွတ်ဆိုလား၊ နှလုံးသားကား
တရားသိမြင်၊ ပညာပင်ဟု
ဇာတ်တွင်ထင်လင်း၊ ဆိုလိုရင်းကို
မင်းလည်းအသိ၊ ငါလည်းသိသည်
နေသိ လသိ အားလုံးသိ။

အန်ရွဲလက်လှ၊ ကောရဗျတွင်
ဝိရူဍမတ်၊ ရှိသတတ်
ထိုမတ် မင်းခ၊ ဝိရူဍသည်
ဘောဂဝတီ၊ နဂါးပြည်သို့
ကြွချီရောက်လာ၊ သောအခါဝယ်



mgyoe.com

mgyoe.com

နံ့သာလိမ်းကျံ၊ ပန်းမန်ဆင်မြန်း
ခမ်းနားတင့်တယ်၊ ထက်ဝယ်ဖွဲ့ခွေ
နေတော်မူ၍
သိမ်မွေ့ညံ့နု၊ သူ့ပညာကို
သံချိုအေးမြ၊ ဟောဖော်ပြသော်
နာဂ မပေါသီ၊ နာဂိမဖုန်း
တစ်နန်းလုံးပင်၊ ပြုံးကြ ရွှင်ကြ
ဝိစ္စရသည်
နာဂပြည်လှ ရောက်ခါမှ။

နဂါးပြည်ရောက်၊ လူပါမောက်သည်
လျောက်ပတ်တင့်တယ်၊ ထက်ဝယ်ဖွဲ့ခွေ
မနေရခင်၊ ယခင်ခါက
နာဂ မပေါသီ၊ ရွှင်ကြည်မဆုံး
မပြုံးရခင်၊ ယခင်ခါက
ဖြစ်ကြသည်မှာ၊ ပြည်ဘောဂါဝယ်
ဝိမလာမ၊ ဝိစ္စရကို
လောကလူတွင်၊ မတ်ညာဏ်ရှင်ဟု
ကြားလျှင် ကြားချင်း၊ ထိုသတင်းကြောင့်
မတ်မင်းပညာ၊ နာချင်ရှာ၏
နာချင်အာသာ၊ နာချင်ပါလည်း
နာလိုလှကြောင်း၊ သူ မတောင်းခဲ့
လဲလျောင်းဆောင်ဖွေ၊ တခွေခွေသည်



mgyoe.com

mgyoe.com

ရေစာမယူ မူခဲ့၏။

ထိုရောအခါ၊ မယ့်ရောဂါကို
ရာဇာ နာဂ၊ မေးကာလဝယ်
မမ မဟောသိ၊ မယ်နာဂီသည်
မပိကလာ၊ ပိကလာနှင့်
မယ့်မှာမချို၊ ဒုက္ခဖိပြီ
ဝိဓူရမတ်၊ နှလုံးမြတ်ကို
တပ်ခဲ့ချင်ခြင်း၊ မယ့်ရင်တွင်းဟု
မင်းကြီးကိုဆွ၊ ငိုချင်းချသည်
နာဂ မျက်ရည် ရွှဲခဲ့၏။

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းလည်းအသိ၊ ငါလည်းသိ၏
နန်းကြီးရွှေကြာ၊ ဝိမလာသည်
စိတ်မှာမြင်ကွင်း၊ အမတ်မင်းကို
ခံတွင်း နှုတ်ဖျား၊ နှလုံးသားဟု
နဂါးငိုယို၊ ဝိုးဝါးဆို၏
ဆိုလိုချင်ရင်း၊ ဆိုမရှင်းကို
မင်းသိ ငါသိ အားလုံးသိ။

နန်းကြီးရွှေကြာ၊ ဝိမလာသည်
ခန္ဓာကြွေမှု၊ ငိုချင်းချသော်
နာဂစောထီး၊ နဂါးကြီးသည်၊ ပွမ်းဗျာပွား



mgyoe.com